ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့
ညွှန်ကြားချက်အမှတ် (၂/၂၀၁၉)

သံသယဖြစ်ဖွယ်ငွေကြေးလွှဲပြောင်းဆောင်ရွက်မှု
သတင်းပို့ခြင်းဆိုင်ရာလမ်းညွှန်ချက်

စာအမှတ်၊ ၄၂၃၆ (၂၁၉) / ၁၄-၀၁ / ဦး ၄
ရက် စွဲ၊ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်

ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့
ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့
ညွှန်ကြားချက်အမှတ် (၂/၂၀၁၉)
နေပြည်တော်၊ ၁၃၈၁ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၅ရက်
(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်)

သံသယဖြစ်ဖွယ်ငွေကြေးလွဲပြောင်းဆောင်ရွက်မှုသတင်းပို့ခြင်းဆိုင်ရာလမ်းညွှန်ချက်

နိဒါန်း

၁။ ၂၀၁၄ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၁၁)၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၃(ဇ)အရ ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများအပါအဝင်သတင်းပို့အဖွဲ့အစည်းများသည် ပုဒ်မ ၃၂၊ ၃၄ နှင့် နည်းဥပဒေ ၄၈၊ ၄၉၊ ၅၀ တို့အရ သံသယဖြစ်ဖွယ်တွေ့ရှိရသည့် ငွေကြေးလွှဲပြောင်းဆောင်ရွက်မှုများကို ပုဒ်မ ၁၀(က)အရ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ သတင်းပို့ရမည် ဖြစ်ပါသည်။

၂။ ထို့အပြင် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့သည်ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၆၉(ဂ)အရ၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သောညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့် စည်းကမ်းချက်များကို ဗဟိုအဖွဲ့၏သဘောတူညီချက်ဖြင့် ထုတ်ပြန်ရမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ရာ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့သည် ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများသာမက အစိုးရဌာနအဖွဲ့အစည်းများနှင့် စည်းမျဉ်းကြီးကြပ်သူများအနေဖြင့်လည်း ငွေကြေးခဝါချခြင်းနှင့် အကြမ်းဖက်မှုကိုထောက်ပံ့သည့် ရန်ပုံငွေများနှင့်စပ်လျဉ်းသည့် ပြစ်မှုများအားကာကွယ်ရန်နှင့် လျော့ပါးစေရန်အတွက်ဆောင်ရွက်ရာတွင် သံသယဖြစ်ဖွယ် ငွေကြေးလွှဲပြောင်းမှုများ၊ သံသယဖြစ်ဖွယ်ငွေကြေးဆောင်ရွက်ချက်များကို ဖော်ထုတ်ရာ၌လည်းကောင်း၊ သတင်းပေးပို့ရာ၌လည်းကောင်း အထောက်အကူရရှိစေရန် ဤစာစောင်ကို ပြုစုတင်ပြပါသည်။

ရည်ရွယ်ချက်

၄။ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအရ သတင်းပို့ရန်တာဝန်ရှိသည့် သတင်းပို့အဖွဲ့အစည်းများအနေဖြင့် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ သံသယဖြစ်ဖွယ် ငွေကြေးလွှဲပြောင်းဆောင်ရွက်မှုသတင်းပို့ချက်များပေးပို့ရာတွင် သံသယဖြစ်ဖွယ် ငွေကြေးလွှဲပြောင်းဆောင်ရွက်မှုတို့၏သဘောသဘာဝကို သိရှိနားလည်ဖော်ထုတ်နိုင်ပြီး အရည်အသွေးကောင်းမွန်သည့် သံသယဖြစ်ဖွယ်သတင်းပို့ချက်များပေးပို့နိုင်စေရန် ရည်ရွယ်ပါသည်။

သံသယဖြစ်ဖွယ်ဆောင်ရွက်ချက်အတွက် သတင်းပို့ရန်လိုအပ်ချက်

၅။ ဆက်သွယ်ဆောင်ရွက်သူ၏ ကိုယ်ရေးအချက်အလက်များကိုတောင်းခံ၍ လေ့လာစိစစ်ခြင်းဖြင့်လည်းကောင်း၊ ငွေပေးငွေယူဆောင်ရွက်ချက်များအား စောင့်ကြည့်စစ်ဆေးသည့် လုပ်ငန်းစဉ်များမှလည်းကောင်း သံသယဖြစ်ဖွယ်ဆောင်ရွက်ချက်များအား ဖော်ထုတ်သိရှိနိုင်ပြီး လူထုမီဒီယာများတွင် ဖော်ပြချက်များအား လေ့လာခြင်းအားဖြင့်လည်း သံသယဖြစ်ဖွယ်ဆောင်ရွက်ချက်များကို ဖော်ထုတ်သိရှိနိုင်ပါသည်။

၆။ သံသယဖြစ်ဖွယ်ငွေကြေးလွှဲပြောင်းဆောင်ရွက်မှုများအား သတင်းပေးပို့ခြင်းနှင့်စပ်လျဉ်း၍ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၃၂၊ ၃၄ နှင့် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးနည်းဥပဒေများ နည်းဥပဒေ ၄၈၊ ၄၉၊ ၅၀ တို့တွင် ပြဋ္ဌာန်းထားပြီးဖြစ်ပါသည်။ ငွေကြေးလွှဲပြောင်းဆောင်ရွက်မှုအပေါ် သံသယဖြစ်ရာတွင် လွှဲပြောင်းဆောင်ရွက်ရန်အားထုတ်မှုအပေါ် သံသယဖြစ်ခြင်းနှင့် ပြီးမြောက်ပြီးဖြစ်သည့်လွှဲပြောင်းဆောင်ရွက်မှုအပေါ် သံသယဖြစ်ခြင်းဟူ၍ ရှိနိုင်ပါသည်။ လွှဲပြောင်းဆောင်ရွက်ရန်အားထုတ်မှုအပေါ် သံသယဖြစ်ခြင်းမှာ ဆက်သွယ်ဆောင်ရွက်သူအား အချက်အလက်များမေးမြန်းနေစဉ် ၎င်း၏ ယေဘူယျသွင်ပြင်လက္ခဏာ၊ အမူအယာများအား လေ့လာသုံးသပ်ခြင်းအားဖြင့် တရားမဝင်ဆောင်ရွက်မှုတစ်ခုခုတွင် ဆက်နွယ်ပတ်သက်နေသူဖြစ်ကြောင်း၊ ယင်းတရားမဝင် ဆောင်ရွက်မှုတစ်ခုခုမှ အကျိုးအမြတ်တစ်စုံတရာရရှိနေသည်ဟု ယုံကြည်ရန်အကြောင်းပေါ်ပေါက်လာသည့်အခါ ဖြစ်ပေါ်လာသည့်သံသယဖြစ်ပါသည်။ ပြီးမြောက်ပြီးဖြစ်သည့်လွှဲပြောင်းဆောင်ရွက်မှုအပေါ် သံသယဖြစ်ခြင်းမှာ ယခင်ရရှိထားသောအချက်အလက်များအရလည်းကောင်း၊ ယခုသိရှိရသည့်အချက်အလက်များအရလည်းကောင်း ဆောင်ရွက်ပြီးဖြစ်သည့်လွှဲပြောင်းဆောင်ရွက်မှုအပေါ် တရားမဝင်ဆောင်ရွက်မှုတစ်ခုခုမှရရှိသည့် ငွေကြေးပစ္စည်းများဖြစ်သည်ဟု ယုံကြည်ရန်အကြောင်းပေါ်ပေါက်လာသည့်အခါ ဖြစ်ပေါ်လာသည့်သံသယဖြစ်ပါသည်။

၇။ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၃၂ အရ သတင်းပို့အဖွဲ့အစည်းများသည် ငွေကြေးသို့မဟုတ် ပစ္စည်းတစ်ရပ်ရပ်ကို တရားမဝင်သောနည်းလမ်းဖြင့် ရရှိသည်ဟုသော်လည်းကောင်း၊ ငွေကြေးခဝါချမှု သို့မဟုတ် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုနှင့် ဆက်နွယ်ပတ်သက်သည်ဟုသော်လည်းကောင်း၊ ယင်းသို့ဖြစ်စေရန် အားထုတ်သည်ဟုသော်လည်းကောင်း သံသယဖြစ်ဖွယ်ရာအကြောင်းရှိလျှင် ပုဒ်မ ၁၀ ပုဒ်မခွဲ(က)အရ သတ်မှတ်သည့်နည်းလမ်းများအတိုင်း ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ ချက်ချင်းသတင်းပို့ရမည်ဖြစ်ပြီး ပုဒ်မ ၃၂ အရသတင်းပေးပို့ရာတွင် လိမ်လည်ဖော်ပြကြောင်း သို့မဟုတ် အချက်အလက်များဖုံးကွယ်ထားကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးသုံးနှစ်မှ အများဆုံးခုနစ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်ပြီး ပြစ်မှုကျူးလွန်သူသည် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းဖြစ်ပါက ယင်းကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို ကျပ်သန်းသုံးရာအထိ ငွေဒဏ်လည်းချမှတ်နိုင်ကြောင်း ပုဒ်မ ၄၆ တွင်ပြဋ္ဌာန်းထားပါသည်။

၈။ သတင်းပို့အဖွဲ့အစည်းများသည် သတင်းပေးပို့ရာတွင် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့က ဆန်းစစ်သည့်လုပ်ငန်းစဉ်များအတွက် အသုံးဝင်သည့် သတင်းပို့ချက်များဖြစ်စေမည့် အရည်အသွေးပြည့်ဝသည့် သတင်းပို့ချက်များကို ထုတ်လုပ်ပေးပို့ရန်လိုအပ်ပါသည်။ ပေးပို့လိုက်သည့် သတင်းပို့ချက်ပါ အချက်အလက်များသည် လွှဲပြောင်းဆောင်ရွက်သည့် လူပုဂ္ဂိုလ်များနှင့် သံသယဖြစ်ဖွယ် လူပ်ရှားဆောင်ရွက်မှုများအကြား ဆက်စပ်နိုင်လောက်သည်အထိ ပြည့်စုံစေရမည်ဖြစ်ပါသည်။

အကောင်အထည်ဖော်ဆောင်ရွက်ရေးအရာရှိ၏ တာဝန်ဝတ္တရားများ

၉။ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၂၈ ပုဒ်မခွဲ(ခ)အရ သတင်းပို့အဖွဲ့အစည်းသည် အကြီးတန်းစီမံခန့်ခွဲမှုအဆင့်ရှိသော အကောင်အထည်ဖော်ဆောင်ရွက်ရေးအရာရှိတစ်ဦးအား ခန့်ထားရမည်ဖြစ်ပြီး ၎င်းအရာရှိအား လုပ်ငန်းတာဝန်များကိုဆောင်ရွက်ရန် လိုအပ်သော စာရွက်စာတမ်းအထောက်အထားများ၊ မှတ်တမ်းများ၊ မှတ်ပုံတင်များနှင့် ငွေစာရင်းများကို ရယူပိုင်ခွင့်၊ သတင်းပို့အဖွဲ့အစည်း၏ မည်သည့်ဝန်ထမ်းထံမှမဆို မည်သည့်သတင်းအချက်အလက်၊ အကြောင်းကြားစာ၊ ရှင်းလင်းချက် သို့မဟုတ် စာရွက်စာတမ်းအထောက်အထားများကိုမဆို တောင်းခံပိုင်ခွင့်နှင့် ရယူပိုင်ခွင့်တို့ အပ်နှင်းထားရမည်ဖြစ်သည်။

၁၀။ အကောင်အထည်ဖော်ဆောင်ရွက်ရေးအရာရှိသည်ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဆိုင်ရာ ရုံးတွင်းကိစ္စရပ်များနှင့် ပြင်ပအာဏာပိုင်အဖွဲ့အစည်းများအကြား ဆက်ဆံရေးအရာရှိဖြစ်ပြီး သံသယဖြစ်ဖွယ် ငွေကြေးလွှဲပြောင်းဆောင်ရွက်မှုသတင်းပို့ချက်များ ပေးပို့ရန်တာဝန်ရှိပါသည်။ သတင်းပို့အဖွဲ့အစည်းသည် အကောင်အထည်ဖော်ဆောင်ရွက်ရေးအရာရှိ ခန့်အပ်ထားရှိမှုကို ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ အကြောင်းကြားရမည်ဖြစ်ပါသည်။ အကောင်အထည်ဖော်ဆောင်ရွက်ရေးအရာရှိသည် သံသယဖြစ်ဖွယ်ငွေကြေးလွှဲပြောင်းဆောင်ရွက်မှုများကို စောင့်ကြည့်ခြင်း၊ သတင်းပေးပို့ခြင်း စသည့်လုပ်ငန်းစဉ်များဖွံ့ဖြိုးတိုးတက်ရေး၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုအားကောင်းစေရေး၊ မိမိအဖွဲ့အစည်း၏ ဆုံးရှုံးနိုင်ခြေအန္တရာယ်အား လျော့ပါးသက်သာစေမည့် ဌာနတွင်းမူဝါဒများ၊ လုပ်ငန်းစဉ်များအပေါ် ဝန်ထမ်းများအနေဖြင့် နားလည်သဘောပေါက်မှုရှိစေရေးတို့အတွက် အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ပါသည်။ အဆိုပါ ဌာနတွင်းမူဝါဒများ၊ လုပ်ငန်းစဉ်များသည် မိမိအဖွဲ့အစည်း၏ လုပ်ငန်းသဘောသဘာဝ၊ လုပ်ငန်းအရွယ်အစားတို့အရ ငွေကြေးခဝါချမှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေအန္တရာယ်ရှိမှုတို့နှင့် လိုက်လျောညီထွေရှိရမည်ဖြစ်ပါသည်။ အကောင်အထည်ဖော်ဆောင်ရွက်ရေးအရာရှိသည် ဌာနတွင်း သံသယဖြစ်ဖွယ် သတင်းပို့ခြင်းစနစ်တစ်ရပ် ဖော်ဆောင်ထားရမည်ဖြစ်ပြီး သံသယဖြစ်ဖွယ်သတင်းပို့ချက်များအား ချက်ချင်းဖိုင်တွဲ၍ မှတ်တမ်းထားရှိစေခြင်းအပါအဝင် သံသယဖြစ်ဖွယ်တွေ့ရှိသူ ဝန်ထမ်းအနေဖြင့် မိမိ၏အတွေ့အကြုံဗဟုသုတအရ သံသယဖြစ်ဖွယ်တွေ့ရှိမှုအခြေအနေအား ထုတ်ဖော်တင်ပြမှုရှိစေရမည်ဖြစ်ပါသည်။ အကောင်အထည်ဖော်ဆောင်ရွက်ရေးအရာရှိသည် ဌာနတွင်း သံသယဖြစ်ဖွယ်

သတင်းပို့ချက်ကိုလက်ခံရရှိသည့်အခါ သက်ဆိုင်ရာအထောက်အထားအချက်အလက်များကို ကိုးကား၍လည်းကောင်း၊ လွှဲပြောင်းဆောင်ရွက်မှုများကို စောင့်ကြည့်စစ်ဆေးခြင်း၊ စုံစမ်းစစ်ဆေးခြင်းအားဖြင့်လည်းကောင်း၊ သံသယဖြစ်ဖွယ်သတင်းပေးသည့် အမှုကိုင်အရာရှိ သို့မဟုတ် ကြီးကြပ်သူအရာရှိတို့နှင့် ဆွေးနွေးမေးမြန်းခြင်းအားဖြင့်လည်းကောင်း လက်ခံရရှိသည့်သတင်းပို့ချက်သည် သံသယဖြစ်ဖွယ် ဟုတ်/မဟုတ်ကို စိစစ်အတည်ပြုရမည်ဖြစ်ပါသည်။ လက်ခံရရှိခဲ့သည့် သံသယဖြစ်ဖွယ်သတင်းပို့ချက်အပေါ် သံသယဖြစ်ဖွယ် ဟုတ်/မဟုတ် သုံးသပ်အကဲဖြတ်ခဲ့သည့်အခြေအနေအားမှတ်တမ်းတင် ထိန်းသိမ်းထားရမည်ဖြစ်ပါသည်။ ငွေကြေးလွှဲပြောင်းမှု သို့မဟုတ် ဆောင်ရွက်မှုကို သံသယဖြစ်ဖွယ်ဟုသုံးသပ်အတည်ပြုပါက ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ထံသို့ အမြန်ဆုံး သတင်းပေးပို့ရမည်ဖြစ်ပါသည်။ သတင်းပို့ခြင်းဆိုင်ရာနည်းလမ်းများကို ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့၏ ညွှန်ကြားချက်အမှတ်(၁/၂၀၁၉) သတင်းပို့ရန်တာဝန်ဆိုင်ရာ လမ်းညွှန်ချက်တွင် ဖော်ပြထားပါသည်။

ဝန်ထမ်းများအားလေ့ကျင့်သင်ကြားခြင်း

၁၁။ အကောင်အထည်ဖော် ဆောင်ရွက်ရေးအရာရှိသည် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ မိမိဝန်ထမ်းများ၏ သိရှိနားလည်မှုနှင့် ဗဟုသုတရှိမှုတို့အပေါ် လေ့လာအကဲဖြတ်ရန်နှင့် မည်ကဲ့သို့သောသင်တန်းများ ဆောင်ရွက်ပေးရန်လိုအပ်သည်ကို လေ့လာသုံးသပ်ရန်တာဝန်ရှိမည် ဖြစ်ပါသည်။ လေ့ကျင့်သင်ကြားပေးရာတွင် မိမိအဖွဲ့အစည်းကလိုက်နာရမည့် ဥပဒေ၊ နည်းဥပဒေများပါစံနှုန်းသတ်မှတ်ချက်များကိုသာမက မိမိဌာနအတွင်းချမှတ်ထားသည့် မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများကိုပါလည်းကောင်း၊ ငွေကြေးခဝါချမှုနှင့်စပ်လျဉ်းသည့် ဖြစ်ပေါ်နိုင်သည့်အခြေအနေများအား လျှော့ပါးသက်သာစေရန်လည်းကောင်း စဉ်ဆက်မပြတ်လေ့ကျင့်သင်ကြားပေးခြင်းဖြင့်သာ အောင်မြင်သောလေ့ကျင့်သင်ကြားမှုဖြစ်နိုင်ပေမည်။ လေ့ကျင့်သင်ကြားရေးသည် ဖြစ်နိုင်ခြေရှိသောငွေကြေးခဝါချမှုများအား မည်ကဲ့သို့ ကိုင်တွယ်ဆောင်ရွက်ရမည်ကို ဝန်ထမ်းများအားလေ့ကျင့်သင်ကြားပေးခြင်းဖြစ်သကဲ့သို့ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုများအပေါ် လိုက်နာဆောင်ရွက်ကြောင်းပြသသည့်လုပ်ငန်းစဉ်များအနက် အရေးကြီးသည့် လုပ်ငန်းစဉ်တစ်ရပ်လည်းဖြစ်ပါသည်။ လေ့ကျင့်သင်ကြားပေးခြင်းဟုဆိုရာတွင် ပုံမှန်သင်ခန်းစာများဖြင့် သင်တန်းပို့ချသကဲ့သို့ အီးမေးလ်/သတင်းလွှာ/လမ်းညွှန်ချက်/လစဉ်၊ အပတ်စဉ် အစည်းအဝေးများ စသည့် သတင်းအချက်အလက်မျှဝေရေးအစီအစဉ်များဖြင့်လည်း ဝန်ထမ်းများအား အသိပေးခြင်း၊ ပညာပေးခြင်းများ ဆောင်ရွက်နိုင်ပါသည်။ အဖွဲ့အစည်းများသည် မည်သည့်ဌာန သို့မဟုတ် မည်သည့်ရာထူးအဆင့်များကို မည်သည့်အကြောင်းအရာ မည်သည့်ခေါင်းစဉ်များ ပို့ချဆွေးနွေးရမည်ဆိုသည်ကို ပထမဦးစွာဖော်ထုတ်ရပါမည်။ ပစ်မှတ်အုပ်စုများသတ်မှတ်ပြီးနောက် မည်သည့်အကြောင်းအရာဆွေးနွေးပို့ချမည်ကို သတ်မှတ်ရပါမည်။ ဥပမာအနေဖြင့် အထွေထွေဗဟုသုတ၊

ငွေကြေးခဝါချမှုတိုက်ဖျက်ရေးနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေမူဘောင်များ၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဆိုင်ရာချိုးဖောက်မှုများအတွက် ပြစ်မှုပြစ်ဒဏ်များ၊ ငွေကြေးခဝါချမှုကို တုံ့ပြန်ဆောင်ရွက်မည့်အစီအမံများ၊ ဌာနတွင်းမူဝါဒများ၊ သံသယဖြစ်ဖွယ် သတင်းပို့ခြင်းဆိုင်ရာ ဌာနတွင်းလုပ်ထုံးလုပ်နည်းများ၊ သံသယဖြစ်ဖွယ် ငွေကြေးလွှဲပြောင်း ဆောင်ရွက်မှုဆိုင်ရာ ဖြစ်စဉ်နမူနာများအားလေ့လာခြင်း စသည်ဖြင့် သင်ကြားဆွေးနွေးပညာပေးခြင်းများ ဆောင်ရွက်နိုင်ပါသည်။ ထို့နောက် သင်တန်းနည်းပြသည် ထိရောက်သည့်လေ့ကျင့်ရေးအစီအစဉ်တစ်ခု ဖြစ်စေရန်အတွက် အချိန်ကာလ၊ နေရာနှင့် ဆွေးနွေးပို့ချမည့်နည်းလမ်းများကို သတ်မှတ်ရမည် ဖြစ်ပါသည်။

သတင်းပို့လုပ်ငန်းစဉ်

၁၂။ သံသယဖြစ်ဖွယ် သို့မဟုတ် ပုံမှန်မဟုတ်သော လွှဲပြောင်းဆောင်ရွက်မှုအား သတင်းပို့သည့် လုပ်ငန်းစဉ်တွင် အောက်ပါတို့ပါဝင်ပါသည်-

(က) ဝန်ထမ်းများ၏ စူးစမ်းလေ့လာမှု၊ ဖော်ထုတ်မှုအရလည်းကောင်း၊ တရားဥပဒေ စိုးမိုးရေးအဖွဲ့များထံမှ စုံစမ်းမေးမြန်းချက်များအရလည်းကောင်း၊ ငွေကြေးလွှဲပြောင်း ဆောင်ရွက်မှုအပေါ် စောင့်ကြည့်သည့်စနစ်အရ ထွက်ပေါ်လာသည့်သတိပေးချက်တို့အရ လည်းကောင်း နည်းလမ်းမျိုးစုံဖြင့် သံသယဖြစ်ဖွယ် သို့မဟုတ် ပုံမှန်မဟုတ်သော ငွေကြေးလွှဲပြောင်းမှု/ဆောင်ရွက်မှုများကိုဖော်ထုတ်သည့် လုပ်ထုံးလုပ်နည်းများ။

(ခ) ဖြစ်စဉ်တစ်ခုခြင်းအလိုက်၊ ဖြစ်ရိုးဖြစ်စဉ်မဟုတ်သော လွှဲပြောင်းဆောင်ရွက်မှုများ ပုံမှန်မဟုတ်သော လုပ်ဆောင်မှုများကို အမြဲလေ့လာအကဲဖြတ်ခြင်း/စဉ်ဆက်မပြတ် အကဲဖြတ်ခြင်းများ။

(ဂ) သံသယဖြစ်ဖွယ်သတင်းပို့ချက်အဖြစ် သတင်းပို့ရန်ဆုံးဖြတ်ခြင်း/အကဲဖြတ်ခြင်း တို့အတွက် မှတ်တမ်းများပြုစုထိန်းသိမ်းခြင်း။ (ဥပမာ-သံသယဖြစ်ဖွယ် သတင်းပို့ချက်အဖြစ် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ ပို့သင့်/မသင့် ဆုံးဖြတ်ခြင်းများ)။

(ဃ) သံသယဖြစ်ဖွယ်သတင်းပေးပို့ခြင်းဆိုင်ရာ အခြေအနေအား အကြီးတန်းစီမံခန့်ခွဲရေး အရာရှိများ သို့မဟုတ် ဒါရိုက်တာအဖွဲ့ထံ အချိန်ကာလ အပိုင်းအခြားအလိုက် တင်ပြသည့်လုပ်ထုံးလုပ်နည်းများ။

(င) သံသယဖြစ်ဖွယ် လွှဲပြောင်းမှု/ဆောင်ရွက်မှုများအား ဖော်ထုတ်သည့်နည်းလမ်း များအား ဝန်ထမ်းများသို့ လေ့ကျင့်သင်ကြားပေးခြင်း။

သတင်းပို့ရန် ဆုံးဖြတ်ချက်များအားမှတ်တမ်းထားရှိခြင်း

၁၃။ ဥပဒေပိုင်းအရ အရေးယူဆောင်ရွက်မှုများကို ဖြေရှင်းနိုင်စေရန်အတွက် သံသယဖြစ်ဖွယ်ငွေကြေးလွှဲပြောင်းမှုနှင့် သံသယဖြစ်ဖွယ်ငွေကြေးဆောင်ရွက်မှု သတင်းပို့ချက်များဆိုင်ရာ ဌာနတွင်းလုပ်ငန်းစဉ်များကို ပြည့်စုံစွာမှတ်တမ်းတင်ထားရန်လိုအပ်ပါသည်။ ယင်းကဲ့သို့မှတ်တမ်းထားရှိခြင်းကို အကောင်အထည်ဖော်ဆောင်ရွက်ရေးအရာရှိက တာဝန်ယူဆောင်ရွက်လေ့ရှိပြီး ယေဘူယျအားဖြင့် အောက်ပါအချက်များကို မှတ်တမ်းထားရမည်ဖြစ်ပါသည်-

(က) ဌာနတွင်းသတင်းပို့ခဲ့သည့် သံသယဖြစ်ဖွယ်ငွေကြေးလွှဲပြောင်းမှုနှင့် သံသယဖြစ်ဖွယ်ငွေကြေးဆောင်ရွက်မှု သတင်းပို့ချက်များအားလုံး။

(ခ) လက်ခံရရှိခဲ့သည့်သတင်းပို့ချက်နှင့်စပ်လျဉ်း၍ သတင်းအချက်အလက်အသစ်များ ထပ်မံရရှိရေးဆောင်ရွက်မှုများအပါအဝင် အကောင်အထည်ဖော်ဆောင်ရွက်ရေးအရာရှိ၏ ဆောင်ရွက်မှုများအားလုံး။

(ဂ) သတင်းအချက်အလက်အသစ်များထပ်မံရရှိစေရန် စောင့်ဆိုင်းသင့်/မသင့် ဆုံးဖြတ်ခြင်းများ အပါအဝင် လက်ခံရရှိထားသည့် သတင်းအချက်အလက်များအပေါ် သုံးသပ်အကဲဖြတ်ချက်များ။

(ဃ) သံသယဖြစ်ဖွယ်သတင်းပို့ချက်အဖြစ် ဆက်လက်ပို့ရန် သင့်/မသင့် ဆုံးဖြတ်ရသည့် အကြောင်းတရားများ။

(င) စီးပွားဆက်ဆံမှုဆက်လက်ဆောင်ရွက်နိုင်စေရေးအတွက် ဈေးကွက်မြှင့်တင်ရေး ဌာနသို့ပေးအပ်သည့် အကြံဉာဏ်များအားလုံးနှင့် သံသယဖြစ်ဖွယ်သတင်းပေးပို့ခြင်းနှင့် စပ်လျဉ်း၍ ထောက်ခံပေးထားသည့် ဌာနတွင်းအတည်ပြုချက်များအားလုံး။

၁၄။ စီးပွားရေးလုပ်ငန်းအရွယ်အစားနှင့် သတင်းပို့ချက်ပမာဏအနည်းအများကိုလိုက်၍ မှတ်တမ်းထားရှိမှုစနစ်မှာ ရိုးရိုးရှင်းရှင်းဖြစ်နိုင်သလို ရှုပ်ထွေးမှုများလည်းရှိနိုင်မည်ဖြစ်သော်လည်း အထက်တွင်ဖော်ပြခဲ့သည့် အကြောင်းအရာများအားလုံးပါဝင်ရမည်ဖြစ်ပြီး သက်ဆိုင်သည့် စာရွက်စာတမ်းအထောက်အထားများကိုလည်း ပြည့်ပြည့်စုံစုံမှတ်တမ်းတင်ထားရန် အရေးကြီးပါသည်။ အကောင်အထည်ဖော်ဆောင်ရွက်ရေးအရာရှိနှင့် အခြားဝန်ထမ်းများ၏ လုပ်ငန်းတာဝန်ဆောင်ရွက်မှုများအပေါ် ခုခံကာကွယ်ရှင်းလင်းပြောဆိုနိုင်ရန်အတွက် အဆိုပါမှတ်တမ်းများအား ထိန်းသိမ်းထားရှိခြင်းမှာ လွန်စွာအရေးကြီးပေသည်။ ထို့အပြင် ကြီးကြပ်ရေးအာဏာပိုင်များနှင့် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့တို့က အချက်အလက်များ တောင်းဆိုလာသည့်အခါတွင်လည်း ယင်းမှတ်တမ်းထားရှိမှုများမှာ အလွန်အရေးကြီးလှပါသည်။ ရည်ညွှန်းရလွယ်ကူစေရန်နှင့် လက်တွေ့ဆောင်ရွက်ရာတွင် အသုံးတည့်စေရန်အတွက် သတင်းပို့အမှတ်စဉ်တစ်ခုစီ သတ်မှတ်ပေးရန်လိုအပ်ပြီး ယင်းသို့သတ်မှတ်ရာတွင်လည်း တစ်ပြေးညီဖြစ်ရန်လိုအပ်ပါသည်။

အနီရောင်ညွှန်းကိန်းများ (သို့မဟုတ်) သံသယဖြစ်ဖွယ်လွှဲပြောင်းမှု/ ဆောင်ရွက်မှုနမူနာများ

၁၅။ သံသယဆိုသည်ကို ထင်ကြေးထက်ပိုမိုတိကျသည့် စိတ်အာရုံခံစားမှုဖြစ်သော်လည်း သက်သေအထောက်အထားကိုအခြေခံသည့် သိမြင်နားလည်မှု၊ ရိုးသားစွာပင် အမှန်တကယ် မယုံကြည်မှု သို့မဟုတ် စိုးရိမ်စိတ်ဝင်လာမှု၊ သက်သေအထောက်အထား လုံလုံလောက်လောက် မရှိသော်လည်းပဲ ပုံမှန်မဟုတ်ဟု ထင်မြင်မှုအဖြစ် အဓိပ္ပာယ်ဖွင့်ဆိုနိုင်မည်ဖြစ်ပါသည်။ သံသယဆိုသည်မှာ မရေမရာနှင့်အလကားသက်သက် စိုးရိမ်ခြင်းမျိုး၊ စိတ်ကသိကအောက်ဖြစ်ခြင်းမျိုး မဟုတ်ပေ။

၁၆။ ဆက်သွယ်ဆောင်ရွက်သူဆိုင်ရာ သံသယဖြစ်ဖွယ်အပြုအမူ

(က) လိုအပ်သည်ထက် ပိုမိုလျှို့ဝှက်တတ်သူ။

(ခ) အချက်အလက်များပေးရန်ငြင်းဆိုသူ။

(ဂ) သတင်းပို့လုပ်ငန်းစဉ်/ လွှဲပြောင်းဆောင်ရွက်သည့်လုပ်ငန်းစဉ်အပေါ် အကျွမ်းတဝင်ရှိကြောင်းပြသူ။

(ဃ) အကြံပေးများကို အချိန်တိုအတွင်း ပြောင်းလဲအသုံးပြုသူ။

(c) လွှဲပြောင်းဆောင်ရွက်မှု၏ အကျိုးရလဒ်ကို စိတ်ဝင်စားဟန်မပြသူ။

(စ) သာမန်ထက်ပိုသည့် ဝန်ဆောင်ခအမြောက်အများပေးရမည်ကို ဝန်မလေးသူ။

(ဆ) မိမိပြုလုပ်သည့် လွှဲပြောင်းဆောင်ရွက်မှုအပေါ် ရေရေရာရာမသိသူ။

(ဇ) ဘဏ်ငွေစာရင်းအမြောက်အများကို အသုံးပြုသူ။

(စျ) အကြွေးဆပ်ရမည့်အစီအစဉ်အပေါ် ပုံမှန်အတိုင်းမဟုတ်ဘဲ မြန်မြန် သို့မဟုတ် အပြောင်းအလဲပြုလုပ်ပေးရန် တောင်းဆိုသူ။

(ည) မိမိအိမ်လိပ်စာသို့ စာပေးပို့ခြင်းကို လက်မခံလိုသူ။

(ဋ) လူချင်းတွေ့ဆုံဆွေးနွေးရန် မလိုလားသူ။

၁၇။ သံသယဖြစ်ဖွယ် သက်သေခံလက်မှတ်များ

(က) စာရွက်စာတမ်းအတုများတင်ပြခြင်း။

(ခ) မူရင်းတင်ပြရမည်ကို မိတ္တူများသာတင်ပြခြင်း။

(ဂ) နိုင်ငံခြားမှအထောက်အထားများ/တိုက်ဆိုင်စိစစ်ရန် မဖြစ်နိုင်သည့်အထောက်အထားများ တင်ပြခြင်း။

(ဃ) ကြားလူမှတစ်ဆင့် ဆောင်ရွက်ခြင်းများ။

၁၈။ **ဝန်ထမ်း၏သံသယဖြစ်ဖွယ်အပြုအမူ။** ရုံးချိန်ပြီးသွားသော်လည်း ဆက်လက်၍အလုပ်လုပ်ချင်နေသူ သို့မဟုတ် တခြားအဖော်များ၏အလုပ်များကိုပါ ကူညီလုပ်ပေးချင်နေသူ။

၁၉။ **စီးပွားရေးဆိုင်ရာ သံသယဖြစ်ဖွယ်အချက်များ**

(က) ကုန်သွယ်မှုအရလည်းကောင်း/ ငွေကြေးအရလည်းကောင်း/ ဥပဒေအရလည်းကောင်း လုပ်ငန်းအတွက် ကျိုးကြောင်းသင့်လျော်မှုမရှိခြင်း။

(ခ) တောင်းဆိုချက်များအတွက် စာရွက်စာတမ်း အထောက်အထားများ မရှိခြင်း။

(ဂ) အင်တာနက်တွင် ယင်းလုပ်ငန်းအား ရှာဖွေမတွေ့နိုင်ခြင်း။

(ဃ) ပိုင်ဆိုင်မှုဆိုင်ရာဖော်ပြချက်ကို ရှုပ်ထွေးစွာ ပြုလုပ်ထားခြင်း။

(င) စီးပွားရေးဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှု သိပ်မရှိသောကုမ္ပဏီများတွင် ရင်းနှီးမြှုပ်နှံခြင်း။

(စ) ငွေကြေးလွှဲပြောင်းဆောင်ရွက်မှုများတွင် စီးပွားရေးသဘောတရားအရ သက်ဆိုင်ခြင်း မရှိသည့် ပရဟိတအသင်း/အဖွဲ့များ ပါဝင်နေခြင်း။

၂၀။ **သံသယဖြစ်ဖွယ်လွှဲပြောင်းဆောင်ရွက်မှုများ**

(က) ငွေပမာဏကြီးမားသောလွှဲပြောင်းမှုများ/ငွေပမာဏများပြားသော ငွေထုတ်မိန့်အား ငွေပမာဏအနည်းငယ်စီဖြင့် ထုတ်ယူမိန့်များသို့ လဲလှယ်ခြင်းများ။

(ခ) အချိန်တိုအတွင်း လွှဲပြောင်းဆောင်ရွက်မှု အများအပြားပြုလုပ်ခြင်း။

(ဂ) ခရက်ဒစ်ကဒ်ကုမ္ပဏီမှ ငွေထုတ်မပေးမှုများ။

(ဃ) နိုင်ငံရပ်ခြားသို့ သို့မဟုတ် နိုင်ငံရပ်ခြားမှ ငွေပမာဏအမြောက်အများကို ငွေသားဖြင့် လွှဲပို့ခြင်း သို့မဟုတ် ထုတ်ယူခြင်း။

(င) ငွေသားထုတ်ယူမှု/ အပ်နှံမှုသည် ပုံမှန်အားဖြင့် သတင်းပို့ရန်သတ်မှတ်ထားသည့် ပမာဏအောက် လျော့နည်းသည့်ငွေပမာဏဖြင့်သာ ပုံသေဆောင်ရွက်ခြင်း။

(စ) ချေးငွေစာချုပ်များကို အမြဲလိုလို အလျင်အမြန် ပြန်လည်ဆပ်ခြင်း။

(ဆ) ဝင်ငွေရလမ်းမှာ သာမန်ထက်ထူးခြားခြင်း။

(ဇ) ကြားလူသို့ ငွေပေးရန် တောင်းဆိုခြင်းများ။

(စျ) ငွေလုံးငွေရင်းအမြောက်အများကို လက်ခံရရှိခြင်း။

(ည) နောက်ကွယ်မှ ပစ္စည်းချင်းလွှဲပြောင်းမှုများပြုလုပ်ခြင်းအတွက် လွှဲပြောင်းဆောင်ရွက်မှုများ။

၂၁။ **အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုနှင့် လက်နက်များပြန့်ပွားစေရန် ငွေကြေးထောက်ပံ့မှုတို့နှင့် စပ်လျဉ်း၍ သံသယဖြစ်ဖွယ်များ**

(က) ထူးထူးခြားခြားဝယ်ယူမှုများ(ဥပမာ- စခန်းချရာတွင်အသုံးပြုသည့်ပစ္စည်းများ၊ လက်နက်များ၊ ဟိုက်ဒြိုလျင်ပါအောက်ဆိုဒ်ကဲ့သို့ပစ္စည်းများ)။

(ခ) လုပ်ငန်းသုံးအပြင် ဓာတု/ဇီဝလက်နက်များအဖြစ်ထုတ်လုပ်နိုင်သည့် အကောင်းအဆိုးနှစ်မျိုးလုံးအသုံးပြုနိုင်သောပစ္စည်းများ ရောင်းဝယ်ဖောက်ကားခြင်း။

(ဂ) ကြားသိရသောသတင်းများအရ မကောင်းသတင်းထွက်ပေါ်နေသူများအား လှုံ့ဆော်နိုးမှုများ။

၂၂။ **ဆက်သွယ်ဆောင်ရွက်သူ၏ သံသယဖြစ်ဖွယ်ဆက်နွယ်မှုများ**

(က) စီးပွားရေးဆိုင်ရာဆက်စပ်မှုထင်ရှားမရှိဘဲ ဆက်နွယ်နေသည့်အဖွဲ့အစည်းများ။

(ခ) ပြစ်ဒဏ်ကျခံရဖွယ်ရှိသော သို့မဟုတ် စုံစမ်းစစ်ဆေးခံနေရသူ။

(ဂ) အဖွဲ့အစည်း၏သက်တမ်းနှင့် ဆီလျော်မှုမရှိသော လွှဲပြောင်းဆောင်ရွက်မှုပုံစံများ။

(ဃ) ပြစ်မှုကျူးလွန်သူများနှင့် အဆက်အသွယ်ရှိသူများ။

သတင်းပို့ရန် သင့်/မသင့်ဆုံးဖြတ်ခြင်း

၂၃။ သတင်းပို့ရန်သင့်/မသင့်ဆုံးဖြတ်ရာတွင် အောက်ပါအချက်များကို ထည့်သွင်းစဉ်းစားရမည်ဖြစ်ပါသည်-

(က) လွှဲပြောင်းမှု/ငွေကြေးဆောင်ရွက်မှုသည် ငွေကြေးခဝါချမှု သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဖြစ်စဉ်အတွက် သံသယဖြစ်ဖွယ် ဟုတ်/မဟုတ်။

(ခ) ပေးပို့ရမည့် သတင်းအချက်အလက်သည် ကျွမ်းကျင်မှုဆိုင်ရာ အသက်မွေးဝမ်းကျောင်းပုဂ္ဂိုလ်များ၏ ဥပဒေအရ သို့မဟုတ် ကျင့်ဝတ်အရ လျှို့ဝှက်ထားရမည့်ကိစ္စရပ် ဟုတ်/မဟုတ်။

(ဂ) ဆက်သွယ်ဆောင်ရွက်သူဆိုင်ရာ အချက်အလက်များကို စောင့်ကြည့်သည့် လုပ်ငန်းစဉ်အတွင်း ပုံမှန်မဟုတ်သော ဆောင်ရွက်မှုများ လုပ်ဆောင်လာခြင်း။ ဥပမာ- ငွေကြေးဆောင်ရွက်မှုသည် ၎င်း၏လုပ်ငန်းသဘာဝနှင့် ကိုက်ညီမှုမရှိခြင်း။

(ဃ) သံသယဖြစ်ဖွယ်ဆောင်ရွက်မှုသတင်းပို့ချက်တွင် မည်သည့်အချိန်၌ သံသယဖြစ်ဖွယ်အခြေအနေပေါ်ပေါက်လာသည် သို့မဟုတ် သံသယဖြစ်ပေါ်လာသည်ကို ဖော်ပြရန်လိုအပ်ပါသည်။ ဤကဲ့သို့သော အခြေအနေမျိုးတွင် သက်ဆိုင်ရာပုဂ္ဂိုလ်၏ဆောင်ရွက်မှုအပေါ် သံသယဖြစ်ပေါ်လိမ့်မည်ဟူ၍ ဓမ္မဓိဋ္ဌာန်ကျကျ ဆုံးဖြတ်နိုင်စေရန်ဖြစ်သည်။ မသိနားမလည်၍ သို့မဟုတ် ရိုးရိုးသားသားပြုလုပ်ခြင်းဖြစ်ပါသည်ဟု ရှင်းလင်းတင်ပြခြင်းမျိုးမှာ အကာအကွယ်ရမည်မဟုတ်ပေ။ သံသယဖြစ်ဖွယ်လှုပ်ရှားဆောင်ရွက်မှုသတင်းပို့ချက်အဖြစ် မပေးပို့မီ ယင်းလွဲပြောင်းမှုကိုစောင့်ကြည့်ခြင်း၊ စိစစ်ခြင်းများပြုလုပ်ရမည်ဖြစ်ပါသည်။

မည်သည့်အချိန်တွင် သတင်းပို့ရမည်နည်း

၂၄။ အကောင်အထည်ဖော်ဆောင်ရွက်ရေးအရာရှိထံ သတင်းပို့ရန် သင့်/မသင့် ဆုံးဖြတ်ရန် အချက်များ

(က) တစ်စုံတစ်ဦးအနေဖြင့် အကျိုးခံစားမှုရှိစေရန်ပြစ်မှုမြောက်သည့် လုပ်ဆောင်မှုတစ်ခုခု လုပ်ဆောင်ခြင်းဖြစ်သည်ဟု သံသယရှိခြင်း/သိရှိခြင်း။

(ခ) ငွေကြေးခဝါချမှုဖြစ်သည်ဟု သံသယဖြစ်ဖွယ်အကြောင်းရှိသော ပုံမှန်မဟုတ်သည့် သို့မဟုတ် ယေဘုယျအားဖြင့် စီးပွားရေးအကျိုးအမြတ်မရှိသည့် လုပ်ဆောင်မှုဖြစ်သည်ဟု သိရှိခြင်း။

(ဂ) ပြစ်မှုတစ်ခုတွင် ပါဝင်သူ သို့မဟုတ် ပါဝင်သူများဟု သိရှိခြင်း သို့မဟုတ် ယင်းသို့ပါဝင်သူများဖြစ်ကြောင်းဖော်ထုတ်ရာတွင် အကူအညီပေးနိုင်သူအားသိရှိခြင်း။

(ဃ) ပြစ်မှုတစ်ခုခုကျူးလွန်ခြင်းမှ အကျိုးအမြတ်များကို ရယူခံစားနေသူဖြစ်နိုင်ကြောင်း သိရှိခြင်း သို့မဟုတ် ပြစ်မှုကျူးလွန်ရာမှ ရရှိသည့်ပစ္စည်းများတည်ရှိရာ သို့မဟုတ် ယင်းပစ္စည်းများကို လက်ခံထားနိုင်သည့်နေရာနှင့်စပ်လျဉ်း၍ သတင်းအချက်အလက်ကို သိရှိခြင်း။

(င) ပြစ်မှုမြောက်သည့် သို့မဟုတ် ပြစ်မှုတစ်ခုခုဖြစ်နိုင်သည့် လုပ်ဆောင်မှုတွင် ပါဝင်သူများဖြစ်သည်ဟု ထင်မြင်ရခြင်း။

(စ) မိမိက အဘယ်ကြောင့်သံသယဖြစ်ရကြောင်းကို ကျိုးကြောင်းဆီလျော်စွာ ရှင်းလင်းတင်ပြနိုင်ခြင်း။

၂၅။ အကောင်အထည်ဖော်ဆောင်ရွက်ရေးအရာရှိက ဆက်၍သတင်းပို့ရန် သင့်/မသင့် ဆုံးဖြတ်ရန် အချက်များ

(က) ငွေကြေးခဝါချမှုတွင် ပါဝင်နေသူဟု ယုံကြည်ဖွယ်ရာသံသယရှိခြင်း။

(ခ) သတင်းအချက်အလက် သို့မဟုတ် ဖြစ်ရပ်သည် ဥပဒေအရ သတင်းပို့ရမည် ဖြစ်ကြောင်း ယုံကြည်မှုမြင့်တက်လာခြင်း။

(ဂ) ဖော်ထုတ်ရရှိသည့် အချက်အလက်များအရ ငွေကြေးခဝါချသူ၏အမည် သို့မဟုတ် ငွေကြေးခဝါချသည့်ပစ္စည်းများဖြစ်ကြောင်း သံသယဖြစ်ခြင်း/သိရှိရခြင်း။

(ဃ) သိရှိရသည့် အချက်အလက်များတွင် ငွေကြေးခဝါချသူ၏အမည် သို့မဟုတ် ငွေကြေးခဝါချသည့်ပစ္စည်းများကို ဖော်ထုတ်ရရှိခြင်း။

(င) ဖော်ထုတ်ချက်သည် ငွေကြေးခဝါချရာတွင်ပါဝင်သူ၏အမည်များ သို့မဟုတ် ငွေကြေးခဝါချသည့်ပစ္စည်းများကို ဖော်ထုတ်နိုင်ရန်အတွက် အထောက်အကူဖြစ်စေနိုင်သည်ဟု ယုံကြည်ခြင်း သို့မဟုတ် ယုံကြည်ရန်အကြောင်းရှိခြင်း။

(စ) အသက်မွေးဝမ်းကျောင်းဆိုင်ရာကျွမ်းကျင်သူပုဂ္ဂိုလ်၏ ချင်းချက်ဖြစ်သော အထူးအခွင့်အရေးကို အသုံးချနိုင်ကြောင်းသိရှိခြင်း။

(ဆ) သဘောတူညီမှု/ခွင့်ပြုချက်လိုအပ်မှု။

ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ထံသို့ သတင်းပို့ခြင်းမပြုလုပ်ရလျင်ပင် ဆောင်ရွက်ရမည့် ကိစ္စရပ်များ

၂၆။ (က) သတင်းပို့အဖွဲ့အစည်းများအနေဖြင့် ပုံမှန်မဟုတ်သည့်ဆောင်ရွက်မှုများအပေါ် စုံစမ်းစစ်ဆေးခဲ့သည်များနှင့်စပ်လျဉ်း၍ ဆုံးဖြတ်ခဲ့သည့် ကိစ္စရပ်များအတွက် မှတ်တမ်းမှတ်ရာများထားရှိရမည်။

(ခ) မှတ်တမ်းများကို ဥပဒေကသတ်မှတ်ထားသည့်အတိုင်း ထိန်းသိမ်းထားရှိရမည်။ ဆက်သွယ်ဆောင်ရွက်သူနှင့် ဆက်ဆံရေးပြီးဆုံးချိန်မှ သို့မဟုတ် လွှဲပြောင်းဆောင်ရွက်မှုပြီးဆုံးချိန်မှ အနည်းဆုံးငါးနှစ်ပြည့်မြောက်သည်အထိ မှတ်တမ်းများကို ထိန်းသိမ်းထားရှိရမည်ဖြစ်ပါသည်။ အကယ်၍ စုံစမ်းစစ်ဆေးနေဆဲကိစ္စရပ်များဖြစ်ပါက ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းလုပ်ငန်းစဉ်မှ မှတ်တမ်းမှတ်ရာများကို ငါးနှစ်ကာလပြည့်မြောက်ပြီးသော်လည်း ဖျက်ဆီးခြင်းမပြုရပေ။

(ဂ) သတင်းပို့အဖွဲ့အစည်းအနေဖြင့် ဆက်သွယ်ဆောင်ရွက်သူဆိုင်ရာ ဆုံးရှုံးနိုင်ခြေရှိမှုကို ထည့်သွင်းစဉ်းစား၍ ယင်းဆုံးရှုံးနိုင်ခြေကို လျော့ပါးသက်သာစေမည့်နည်းလမ်းများ ချမှတ်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

(ဃ) သတင်းပို့အဖွဲ့အစည်းများအနေဖြင့် ကြိုတင်ကာကွယ်ရေးဆောင်ရွက်ချက်များကို အချိန်နှင့်တပြေးညီလုပ်ဆောင်ခြင်း၊ သံသယဖြစ်ဖွယ်ကိစ္စရပ်များကို သတင်းပေးပို့ခြင်း၊ ငွေပမာဏအမြောက်အများ လွှဲပြောင်းမှုများကိုသတင်းပို့ခြင်း စသည့်ကိစ္စရပ်များအား ထိန်းချုပ်စောင့်ကြည့်သည့်စနစ်ကို ပြည့်စုံလုံလောက်စွာ ဆောင်ရွက်ရမည်ဖြစ်ပါသည်။

(c) သတင်းပို့အဖွဲ့အစည်းများသည် သင့်လျော်သည့် အလေးထားစိစစ်မှုများကို ဆောင်ရွက်ရမည်ဖြစ်ပြီး ဝန်ထမ်းများအနေဖြင့်လည်း ဆက်သွယ်ဆောင်ရွက်သူ ဆိုင်ရာ ဝင်ငွေရလမ်း သို့မဟုတ် ပုံမှန်စီးပွားရေးလုပ်ဆောင်မှုများနှင့် ကိုက်ညီမှု မရှိသည့်ဆောင်ရွက်မှုများကို ဖော်ထုတ်နိုင်ရမည်ဖြစ်သည်။

(စ) သတင်းပို့အဖွဲ့အစည်း၏ သံသယဖြစ်ဖွယ် လွှဲပြောင်းဆောင်ရွက်မှုများအပေါ် ဖော်ထုတ်ခြင်း၊ စောင့်ကြည့်ခြင်း၊ သတင်းပို့ခြင်းစနစ်များသည် မိမိအဖွဲ့အစည်း၏ အရွယ်အစား၊ လုပ်ငန်းသဘာဝ၊ တည်နေရာ၊ ဆက်သွယ်ဆောင်ရွက်သူများ၏ လွှဲပြောင်းဆောင်ရွက်မှုပြုလုပ်သည့် အကြိမ်ရေ၊ ပမာဏနှင့် အမျိုးအစား၊ ပထဝီအနေအထားတို့အရ ဖော်ထုတ်သတ်မှတ်ထားသည့် ဆုံးရှုံးနိုင်ခြေမြင့်မားမှုများနှင့်အညီ ရင်းမြစ်များတိုးမြှင့်ခန့်ထားခြင်း၊ စီမံခန့်ခွဲခြင်းတို့ ဆောင်ရွက်ရမည်။

သံသယဖြစ်မှုများအားသတင်းပေးပို့ခြင်း

၂၇။ ဝန်ထမ်းများ၏တာဝန်မှာ ဌာနတွင်းသတင်းပို့မှု ပြုလုပ် သင့်/မသင့် ဆုံးဖြတ်ရန်ဖြစ်ပါသည်။ ဆိုလိုသည်မှာ ဖြစ်စဉ်ဖြစ်ရပ်တစ်ခုအား အကောင်အထည်ဖော်ဆောင်ရွက်ရေးအရာရှိထံ သတင်းပေးပို့ခြင်း ပြုသင့်/မသင့် ဆုံးဖြတ်ရန်ဖြစ်ပါသည်။ တဖန် အကောင်အထည်ဖော်ဆောင်ရွက်ရေးအရာရှိ အနေဖြင့်လည်း မိမိထံတင်ပြလာသည့်ဖြစ်စဉ်ဖြစ်ရပ်အပေါ် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေး အဖွဲ့ထံသို့ သတင်းပေးပို့တင်ပြရန် သင့်/မသင့် ဆုံးဖြတ်ရမည်ဖြစ်ပေသည်။

၂၈။ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့သည် သတင်းပို့ချက်များ ပေးပို့လက်ခံရာတွင် လွယ်ကူလျှင်မြန်စွာဆောင်ရွက်နိုင်စေရန်အတွက် အီလက်ထရောနစ်သတင်းပို့စနစ်တစ်ရပ်ကို စီစဉ်ထားရှိပြီးဖြစ်ပါသည်။ ယင်းစနစ်၏အဓိကရည်ရွယ်ချက်မှာ သတင်းပို့ချက်များ ပေးပို့လက်ခံခြင်း၊ စိစစ်ခြင်းလုပ်ငန်းများကို လျင်မြန်ထိရောက်စွာဖြင့် ခေတ်မီနည်းပညာများအသုံးပြု၍ အလိုအလျောက် ဆောင်ရွက်နိုင်စေရန်ရည်ရွယ်ပါသည်။ အဆိုပါစနစ်ကိုအသုံးပြုရန်အတွက် သတင်းပို့အဖွဲ့အစည်းများသည် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ထံမှ သတင်းပို့ဆော့ဖ်ဝဲနှင့် အသုံးပြုသည့်လျှို့ဝှက်နံပါတ်ကို ရယူပြီး မိမိအဖွဲ့အစည်းရှိ သတင်းပို့ရာတွင်အသုံးပြုမည့် ကွန်ပျူတာတွင်ထည့်သွင်းကာ လမ်းညွှန်ချက်များအတိုင်းလုပ်ဆောင်၍ သတင်းပေးပို့ရမည်ဖြစ်ပါသည်။ အသုံးပြုနည်းအသေးစိတ်အား ဆော့ဖ်ဝဲနှင့် လျှို့ဝှက်နံပါတ် လာရောက်ထုတ်ယူချိန်တွင် အသေးစိတ်ရှင်းလင်းဆွေးနွေးပေးပါသည်။

၂၉။ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့နှင့် ကြီးကြပ်ရေးအာဏာပိုင်များ၊ သတင်းပို့အဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်နိုင်ရန်နှင့် သတင်းပို့ချက်များ၏ အရည်အသွေးတိုးတက်ကောင်းမွန်စေရေးတို့အတွက် သတင်းပို့ချက်များပေါ် အရည်အသွေးအကဲဖြတ်ချက်များနှင့် သတင်းပို့ခြင်းဆိုင်ရာ လမ်းညွှန်ချက်များထုတ်ပြန်ခြင်း၊ ပုံမှန်အစည်းအဝေးများ ကျင်းပခြင်း၊ တယ်လီဖုန်း/ဖက်စ်/အီးမေးလ်တို့မှတဆင့် အချိန်နှင့်တပြေးညီဆက်သွယ်ခြင်းတို့ဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

သတင်းပို့သူအပေါ်အကာအကွယ်ပေးခြင်း

၃၀။ သတင်းပေးပို့သူများအား ဥပဒေအရအကာအကွယ်ပေးနိုင်ရန်အတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေတွင် အကာအကွယ်ပေးရေးပြဋ္ဌာန်းချက်များ ထည့်သွင်းပြဋ္ဌာန်းထားပါသည်။ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၉(က)တွင် ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ သဘောရိုးဖြင့် သတင်းပို့ချက်များတင်ပြသည့် သို့မဟုတ် သတင်းအချက်အလက်များပေးအပ်သည့် သတင်းပို့အဖွဲ့အစည်းများ သို့မဟုတ် ယင်းတို့၏ဒါရိုက်တာများ၊ အရာရှိများ သို့မဟုတ် ဝန်ထမ်းများအား ဘဏ်လုပ်ငန်းဆိုင်ရာပြဋ္ဌာန်းချက်များကိုဖြစ်စေ၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာလျှို့ဝှက်ချက်ထားရှိရေးပြဋ္ဌာန်းချက်များကိုဖြစ်စေ၊ သဘောတူစာချုပ်ပါပြဋ္ဌာန်းချက်များကိုဖြစ်စေ ချိုးဖောက်သည့် အကြောင်းကြောင့် ပြစ်မှုကြောင်းအရလည်းကောင်း၊ တရားမကြောင်းအရလည်းကောင်း၊ စည်းကမ်းထိန်းသိမ်းမှု သို့မဟုတ် စီမံခန့်ခွဲမှုနည်းလမ်းများအရလည်းကောင်း တရားစွဲဆိုခြင်း၊ အရေးယူခြင်းမပြုရ ဟူ၍လည်းကောင်း၊ ပုဒ်မ ၅၉(ခ)တွင် သတင်းပို့အဖွဲ့အစည်းများ သို့မဟုတ် ယင်းတို့၏ဒါရိုက်တာများ၊ အရာရှိများ သို့မဟုတ် ဝန်ထမ်းများကလိုက်နာရမည့် ငွေရေးကြေးရေးနှင့် အသက်မွေးဝမ်းကျောင်းကျွမ်းကျင်မှုဆိုင်ရာ လျှို့ဝှက်ချက်ထားရှိရေးနှင့် လုံခြုံမှုသတိပြုရေးဆိုင်ရာ ပြဋ္ဌာန်းချက်များကို ဤဥပဒေဆိုင်ရာပြဋ္ဌာန်းချက်များကလွှမ်းမိုးသည် ဟူ၍လည်းကောင်း ပြဋ္ဌာန်းထားရှိပါသည်။ သို့ဖြစ်ရာ သတင်းပို့သူများအပေါ် ယင်းဥပဒေပြဋ္ဌာန်းချက်များက ဥပဒေအရအကာအကွယ်ပေးထားခြင်းပင် ဖြစ်ပါသည်။

သတင်းပေါက်ကြားခြင်း

၃၁။ သတင်းပေါက်ကြားခြင်းသည် တစ်စုံတစ်ယောက်က အောက်ပါအကြောင်းအရာတစ်ခုခုကို သံသယဖြစ်ခံရသူ သို့မဟုတ် ကြားလူတစ်ဦးဦးထံသို့ ထုတ်ဖော်ပြောဆိုသည့်အခါတွင် ဖြစ်ပေါ်ပါသည်-

(က) ငွေကြေးခဝါချမှု သို့မဟုတ် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုဆိုင်ရာ စာရွက်စာတမ်း သို့မဟုတ် သတင်းအချက်အလက်ကို ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ထံသို့ ပေးပို့လိုက်ကြောင်း။

(ခ) သံသယဖြစ်ဖွယ်ငွေကြေးလွှဲပြောင်းမှု/ဆောင်ရွက်မှုအဖြစ် ဌာနတွင်းတင်ပြထားကြောင်း သို့မဟုတ် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ထံသို့ ပေးပို့ထားကြောင်း။

(၈) အာဏာပိုင်များက စုံစမ်းစစ်ဆေးနေကြောင်း သို့မဟုတ် ငွေကြေးခဝါချမှု/ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုအဖြစ် စွပ်စွဲနေကြောင်း။

၃၂။ ဝန်ထမ်းတစ်ဦးဦးက သံသယဖြစ်သည့်ဆက်သွယ်ဆောင်ရွက်သူထံမှ သတင်းအချက်များ ရရှိနိုင်ရေးအတွက် ထပ်မံစုံစမ်းမှုများပြုလုပ်ရာတွင်လည်းကောင်း၊ မေးခွန်းများ အလွန်အကျွံ မေးမြန်းခြင်းဖြင့်လည်းကောင်း သံသယဖြစ်ခံရသူမှ ရိပ်မိသိရှိသွားပြီး သတင်းပေါက်ကြားမှု ဖြစ်ပေါ်နိုင်ပါသည်။

၃၃။ သတင်းအချက်အလက်များ လုံခြုံရေးနှင့်စပ်လျဉ်း၍ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၆၆ တွင် ဗဟိုအဖွဲ့၊ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့၊ ကြီးကြပ်ရေးအာဏာပိုင်၊ သတင်းပို့အဖွဲ့အစည်းများ၊ ဤဥပဒေကို အကောင်အထည်ဖော်ဆောင်ရသည့် အခြားသော အစိုးရဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် ယင်းဌာနအဖွဲ့အစည်းများတွင် လက်ရှိတာဝန်ထမ်းဆောင်နေသည့် သို့မဟုတ် ယခင်ကတာဝန်ထမ်းဆောင်ခဲ့သူတစ်ဦးသည် မိမိတာဝန်ထမ်းဆောင်နေစဉ်အတွင်းလက်ခံရရှိသည့် မည်သည့်သတင်းအချက်အလက်ကိုမဆို တာဝန်ပြီးဆုံးသည့်တိုင်အောင် လျှို့ဝှက်ထိန်းသိမ်းထားရှိရမည် ဖြစ်ပြီး တာဝန်ရှိသူတိုင်းသည် ရရှိထားသောသတင်းအချက်အလက်များကို ဤဥပဒေပါပြဋ္ဌာန်းချက် သို့မဟုတ် တရားရုံး၏အမိန့်အရသာ အသုံးပြုနိုင်သည်။ ဤပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ပါက မြန်မာနိုင်ငံအစိုးရ လျှို့ဝှက်ချက်ဥပဒေအရ အရေးယူခြင်းခံရမည် ဟုပြဋ္ဌာန်းဖော်ပြထားပါသည်။ သို့ဖြစ်ရာ သတင်းပေါက်ကြားမှုမရှိစေရေးအတွက် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့၊ ကြီးကြပ်ရေးအာဏာပိုင်များနှင့် သတင်းပို့အဖွဲ့အစည်းများအပါအဝင် သတင်းအချက်အလက်ကို ကိုင်တွယ်ဆောင်ရွက်ရသူအားလုံးက သတင်းပေါက်ကြားမှုမရှိစေရေးအတွက် သတိပြုဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါသည်။

၃၄။ သို့ရာတွင် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၃၃ တွင် အစိုးရဌာန၊ အစိုးရ အဖွဲ့အစည်းများ သို့မဟုတ် သတင်းပို့အဖွဲ့အစည်းများမှ တာဝန်ရှိသူများသည် ပုဒ်မ ၃၂ အရ သတင်းပို့ချက် သို့မဟုတ် ဆက်နွယ်သည့်သတင်းအချက်အလက်နှင့် ဆောင်ရွက်ချက်တစ်စုံတစ်ရာကို မိမိတို့ဝန်ထမ်းအချင်းချင်းနှင့် ဥပဒေအကျိုးဆောင်များအကြားမှတစ်ပါး အခြားမည်သူ့ကိုမျှ ထုတ်ဖော်ပြောကြားခြင်းမပြုရဟူ၍ ပြဋ္ဌာန်းထားရာ ဌာနတွင်းသတင်းပို့ခြင်းအပါအဝင် လိုအပ်သည့် စုံစမ်းမေးမြန်းမှုများ၊ ဝန်ထမ်းအချင်းချင်းဆွေးနွေးမေးမြန်းမှုများ ပြုလုပ်နိုင်မည်ဖြစ်ပါသည်။

သတင်းပို့ရန်ပျက်ကွက်ခြင်း

၃၅။ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၄၆ တွင် တာဝန်ရှိသူမည်သူမဆို ပုဒ်မ ၃၂ အရ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ သတင်းပေးပို့ရာတွင် လိမ်လည်ဖော်ပြကြောင်း သို့မဟုတ် အချက်အလက်များဖုံးကွယ်ထားကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို

အနည်းဆုံးသုံးနှစ်မှ အများဆုံးခုနစ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။ ပြစ်မှုကျူးလွန်သူသည် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းဖြစ်ပါက ယင်းကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို ကျပ်သန်းသုံးရာအထိ ငွေဒဏ်ချမှတ်ရမည် ဟုလည်းကောင်း၊ ပုဒ်မ ၄၈ တွင် မည်သည့် ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းမှ တာဝန်ရှိသူမဆို ပုဒ်မ ၃၄ ပါပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။ ပြစ်မှုကျူးလွန်သူသည် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းဖြစ်ပါက ယင်းကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို ကျပ်သန်းသုံးရာအထိ ငွေဒဏ်ချမှတ်ရမည်ဟုလည်းကောင်း အသီးသီးပြဋ္ဌာန်းထားပါသည်။ သို့ဖြစ်ရာ သတင်းပို့အဖွဲ့အစည်းများ အနေဖြင့် ပုဒ်မ ၃၂ နှင့် ၃၄ တို့အရ သတင်းပေးပို့ရမည့်တာဝန်များပျက်ကွက်ပါက အဆိုပါပုဒ်မ ၄၆ နှင့် ၄၈ တို့အရ ပြစ်ဒဏ်အသီးသီးကျခံရမည်ဖြစ်ကြောင်း သတိပြုရမည်ဖြစ်ပါသည်။

ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ ဆက်သွယ်ရမည့်လိပ်စာ

၃၆။ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ဆက်သွယ်ရမည့်လိပ်စာမှာ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့ရုံး၊ ကျွန်းရွှေမြိုင်လမ်း၊ ဓနသိဒ္ဓိရပ်ကွက် (၈ကတစ်ထောင်)၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော် ဖြစ်ပါသည်။ တယ်လီဖုန်းနံပါတ်မှာ ၀၆၇-၃၄၂၁၇၅၆ နှင့် ဖက်စ်ဖုန်းနံပါတ်မှာ ၀၆၇-၃၄၂၁၇၆၁ ဖြစ်ပြီး အီးမေးလ်လိပ်စာမှာ mfiu.str1@gmail.com ဖြစ်ပါသည်။

၃၇။ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၁၈ တွင် သတင်းပို့အဖွဲ့အစည်းများသည် အန္တရာယ်အကဲဖြတ်ချက်များ၊ ထင်ရှားသည့် မည်သည့်သက်သေခံအထောက်အထားနှင့် သတင်းများကိုမဆိုစာဖြင့်ရေးသားမှတ်တမ်းတင်ရမည်ဖြစ်ပြီး ယင်းမှတ်တမ်းသည် နောက်ဆုံးအခြေအနေနှင့် ကိုက်ညီရမည့်အပြင် သက်ဆိုင်ရာအာဏာပိုင်များက အသုံးပြုနိုင်ရေးအတွက် အသင့်ရှိရမည်ဟု ပြဋ္ဌာန်းထားသည့်အပြင် ပုဒ်မ ၁၀(စ)တွင် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့သည် အဖွဲ့၏ လုပ်ငန်းတာဝန်များကို စနစ်တကျဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သောသတင်းအချက်အလက်အသစ်များကို သက်ဆိုင်ရာသတင်းပို့အဖွဲ့အစည်းများက သတ်မှတ်သည့်ပုံစံဖြင့်ပေးပို့ရန် ကာလသတ်မှတ်၍တောင်းခံနိုင်သည်ဟုလည်းကောင်း၊ ပုဒ်မခွဲ(ဆ)တွင် သတင်းပို့အဖွဲ့အစည်းများ၊ အကောင်အထည်ဖော်သည့်အဖွဲ့အစည်းများနှင့် အခြားအစိုးရဌာနအဖွဲ့အစည်းများက ရရှိထိန်းသိမ်းထားသည့် မည်သည့်သတင်းပို့ချက် သို့မဟုတ် အချက်အလက်များကိုမဆို ရယူသုံးစွဲခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားပါသည်။ သို့ဖြစ်ရာ သတင်းပို့အဖွဲ့အစည်းများအနေဖြင့် သံသယဖြစ်ဖွယ်သတင်းပို့ချက်များကို ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ သတင်းပေးပို့ယုံသာမကဘဲ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့က အချက်အလက်သစ်များလိုအပ်၍ တောင်းခံလာပါကလည်း ပေးပို့ရန် တာဝန်ရှိမည်ဖြစ်ပါသည်။

နိုဂုံး

၃၈။ နိုဂုံးချုပ်အားဖြင့် သတင်းပို့အဖွဲ့အစည်းများသည် သံသယဖြစ်ဖွယ်ငွေကြေးလွှဲပြောင်းမှု၊ သံသယဖြစ်ဖွယ် ငွေကြေးဆောင်ရွက်မှုများကို ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့ထံသို့ သတ်မှတ်ချက်များနှင့်အညီ သတင်းပေးပို့ခြင်း၊ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့က လိုအပ်၍ ထပ်မံပြီး အချက်အလက်အသစ်များ တောင်းခံမေးမြန်းလာသည့်အခါတွင်လည်း သတ်မှတ်ချက်များအတိုင်း ပေးပို့ဖြေကြားခြင်းအားဖြင့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးလုပ်ငန်းတွင် အပြည့်အဝ ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

၃၉။ ဤစာစောင်ကို အသုံးပြုရာတွင် ပိုမိုထိရောက်စေရန်နှင့် လက်တွေ့အသုံးပြုသည့်အခါတွင် တွေ့ရှိရသည့် ထပ်မံရှင်းလင်းဖော်ပြရန်လိုအပ်သည်များကို ဖြည့်စွက်ဖော်ပြနိုင်စေရန်အတွက် အချိန်ကာလအလိုက် ပြန်လည်သုံးသပ်ခြင်း၊ ပြင်ဆင်ဖြည့်စွက်ခြင်းတို့ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ရဲမှူးချုပ် ကျော်ဝင်းသိန်း
အဖွဲ့ခေါင်းဆောင်
ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့

စာအမှတ်၊ ၄၂၃၆ (၂၁၃) / ၁၄-၀၁ / ဦး ၄
ရက် ၆၊ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်
ဖြန့်ဝေခြင်း
သတင်းပို့အဖွဲ့အစည်းများအားလုံး
ကြီးကြပ်ရေးအာဏာပိုင်များ